# အပ်ငွေစာရင်းအသစ်ဖြစ်သည့် CASH ACCOUNT – Savings နှင့် ပတ်သက်သည့်မေးလေ့မေးထရှိသောမေးခွန်းများ

မေး ၁ -**CASH ACCOUNT–Savings** အသစ်နှင့်ပတ်သက်သည့်အသေးစိတ်အချက်အလက်များမှာအဘယ်နည်း။

**ဖြေ** - **CASH ACCOUNT – Savings** ဆိုသည်မှာ ငွေအပ်နှံသူသည် ကနဦးအပ်ငွေကို **ငွေသားဖြင့်သော်လည်းကောင်း၊ CASH ACCOUNT – Call & Current အပ်ငွေစာရင်းများမှ စာရင်းလွှဲပြောင်း ခြင်းဖြင့်သော်လည်းကောင်း** အပ်နှံနိုင်ပြီး အကန့်အသတ်မရှိဘဲ ပြန်လည်ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း ပြုလုပ်နိုင်သည့် အထူးအတန်းအစား သတ်မှတ်ထားသော ဘဏ်အပ်ငွေစာရင်း ဖြစ်ပါ သည်။ အတိုးနှုန်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်ထားသော အနည်းဆုံး ထားရှိရမည့် လက်ကျန်ငွေပမာဏသတ်မှတ်ချက်ကို လိုက်နာလျက် အနည်းဆုံးလက်ကျန်ငွေပေါ်တွင် လစဉ်အတိုးတွက်ချက်ပေးပြီး သုံးလတစ်ကြိမ် ထည့်သွင်းပေးသွားမည် ဖြစ်ပါသည်။

မေး ၂ - **CASH ACCOUNT–Savings** အပ်ငွေစာရင်းအသစ်အား မည်သူတို့ ဖွင့်လှစ်နိုင်ပါသနည်း။

**ဖြေ** - **CASH ACCOUNT–Savings** အပ်ငွေစာရင်းအသစ်ကို ဖွင့်လှစ်နိုင်သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- တစ်ဦးချင်းစာရင်း - မြန်မာနိုင်ငံသားများနှင့် နိုင်ငံအတွင်းအခြေစိုက်နေထိုင်သည့် နိုင်ငံခြားသားများ (ဗီဇာသက်တမ်းရှိရမည်) နှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများ
- တွဲဖက်စာရင်း - မြန်မာနိုင်ငံသားများနှင့် နိုင်ငံအတွင်းအခြေစိုက်နေထိုင်သည့် နိုင်ငံခြားသားများ (ဗီဇာသက်တမ်းရှိရမည်) နှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများ

မေး ၃ - **CASH ACCOUNT–Savings** အတွက် အတိုးနှုန်းမှာ မည်မျှဖြစ်ပါသနည်း။

**ဖြေ** - **CASH ACCOUNT–Savings** အတွက် အတိုးနှုန်းမှာ တစ်နှစ်လျှင် (၇ %) ဖြစ်ပါသည်။ Promotion ကာလမှာ ၃၁.၁၂.၂၀၂၁ ထိ ဖြစ်ပါသည်။

မေး ၄ - လက်ရှိ ပုံမှန် Savings Account အတွက် အတိုးနှုန်းအပြောင်းအလဲရှိပါသလား။

**ဖြေ** - မရှိပါ။ **လက်ရှိ ပုံမှန် Savings Account အတွက် အတိုးနှုန်းမှာ တစ်နှစ်လျှင် (၅ %) ဖြစ်ပါသည်။**

မေး ၅ - လက်ရှိ Savings Account များနှင့် **CASH ACCOUNT - Savings** သည် မည်သို့ကွာခြားမှု ရှိပါသနည်း။

**ဖြေ** - ဗဟိုဘဏ်၏ညွှန်ကြားချက်အရ လက်ရှိ Savings Account များသည် OTC ငွေသားထုတ်ယူရာတွင် ကန့်သတ်ချက်ရှိနေပြီး **CASH ACCOUNT - Savings** တွင် ထိုကဲ့သို့ ကန့်သတ်ချက်မရှိဘဲ ငွေသားထုတ်ယူ နိုင်သည့်အပြင် အတိုးနှုန်း ပိုမိုရရှိပါသည်။

မေး ၆ - **CASH ACCOUNT–Savings** ဖွင့်လှစ်ရန်အတွက် ကနဦးအပ်နှံငွေနှင့် အနည်းဆုံးလက်ကျန်ငွေ ပမာဏ မှာ မည်မျှဖြစ်ပါသနည်း။

**ဖြေ** - **CASH ACCOUNT–Savings** ဖွင့်လှစ်ရန်အတွက် ကနဦးအပ်နှံငွေနှင့် အနည်းဆုံးလက်ကျန်ငွေများမှာ မြန်မာကျပ်ငွေ တစ်ဆယ်သိန်း (၁,၀၀၀,၀၀၀ ကျပ်) ဖြစ်ပါသည်။

မေး ၇ - **CASH ACCOUNT–Savings** အပ်ငွေစာရင်းအသစ် မည်မျှဖွင့်လှစ်နိုင်မည်နည်း။

**ဖြေ** - **CASH ACCOUNT–Savings** ကို တစ်ဦးချင်းအပ်ငွေစာရင်းအတွက် Customer တစ်ဦးလျှင် အပ်ငွေစာရင်းတစ်ခုသာ ဖွင့်လှစ်နိုင်ပြီး တွဲဖက်စာရင်းအတွက်ကိုမူ Customer လိုအပ်ချက်အတိုင်း ဆက်လက်ဖွင့်လှစ်နိုင်ပါသည်။ အနည်းဆုံး လက်ကျန်ငွေ လိုအပ်ချက်ကိုမူ လိုက်နာရမည်ဖြစ်ပါသည်။

မေး ၈ - **CASH ACCOUNT–Savings** အပ်ငွေစာရင်းအသစ်ကို မည်သည့် ဘဏ်ခွဲတွင် ဖွင့်လှစ်နိုင်ပါသနည်း။

**ဖြေ** - **CASH ACCOUNT–Savings** အပ်ငွေစာရင်းအသစ်ကို နိုင်ငံတစ်ဝန်းရှိ ကမ္ဘောဇဘဏ်ခွဲတိုင်းတွင် ဖွင့်လှစ်နိုင်ပါသည်။

မေး ၉ - **CASH ACCOUNT–Savings** အပ်ငွေစာရင်းအသစ်သို့ မည်သည့်ဘဏ်ခွဲများတွင် ငွေသားအပ်နှံနိုင်မည်နည်း။

**ဖြေ** - နိုင်ငံတစ်ဝန်းရှိ မည်သည့်ကမ္ဘောဇဘဏ်ခွဲတွင်မဆို **CASH ACCOUNT–Savings** အတွင်းသို့ ငွေသားထည့်သွင်း အပ်နှံနိုင်ပါသည်။

မေး ၁၀ - **CASH ACCOUNT–Savings** မှ မည်သည့်ဘဏ်ခွဲများတွင် ငွေသားထုတ်ယူ နိုင်မည်နည်း။

**ဖြေ** - သတ်မှတ်ထားသော ဘဏ်ခွဲများတွင် **CASH ACCOUNT–Savings** အပ်ငွေစာရင်းအသစ်မှ ငွေသားထုတ်ယူခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ငွေသားထုတ်ယူနိုင်သည့် ဘဏ်ခွဲများအရေအတွက်ကိုလည်း တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ငွေသားထုတ်ယူရာတွင် ပိုမိုအဆင်ပြေစေရန် ဘဏ်မှပေးအပ်ခဲ့သော ဖုန်းနံပါတ်ကို ဆက်သွယ်ရမည် ဖြစ်ပါသည်။

မေး ၁၁ - **CASH ACCOUNT–Savings** မှ ငွေထုတ်ယူမှုပမာဏနှင့်အရေအတွက် ကန့်သတ်ချက်ရှိပါသလား။

**ဖြေ** - မရှိပါ။ အပ်ငွေစာရင်းမှထုတ်ယူနိုင်သည့် ပမာဏတွင်ကန့်သတ်ချက်မရှိပါ။ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော အနည်းဆုံးလက်ကျန်ငွေ ထားရှိရန်နှင့် ဗဟိုဘဏ်မှ သတ်မှတ်ထားသော ငွေထုတ်ယူရာတွင် လိုက်နာရမည့် အကြိမ်အရေအတွက်စသည့် စည်းကမ်းချက်များကို လိုက်နာလျက် အပ်နှံထားသည့်ငွေကို ထုတ်ယူနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ငွေသားထုတ်ယူရာတွင် ပိုမိုအဆင်ပြေစေရန် ဘဏ်မှပေးအပ်ခဲ့သော ဖုန်းနံပါတ်ကို ဆက်သွယ်ရမည် ဖြစ်ပါသည်။

မေး ၁၂ - လက်ရှိပုံမှန်အပ်ငွေစာရင်းများမှ **CASH ACCOUNT–Savings** သို့ ငွေလွှဲနိုင်ပါသလား။

**ဖြေ** - မလွှဲနိုင်ပါ။

မေး ၁၃ - **CASH ACCOUNT–Savings** မှ လက်ရှိအပ်ငွေစာရင်းများ အတွင်းသို့ ငွေလွှဲနိုင်ပါသလား။ **( CASH ACCOUNT–Savings to Normal Account Transfer)**

**ဖြေ** - လွှဲနိုင်ပါသည်။

မေး ၁၄ - CASH ACCOUNT – Savings အချင်းချင်း ငွေလွှဲနိုင်ပါသလား။ **(CASH ACCOUNT–Savings to CASH ACCOUNT–Savings Transfer)**

**ဖြေ** - လွှဲနိုင်ပါသည်။

မေး ၁၅ **-** Customer ၏ **CASH ACCOUNT–Savings** နှင့် ပုံမှန်အပ်ငွေစာရင်းများ အချင်းချင်းချိတ်ဆက် အသုံးပြုနိုင်ပါသလား။

**ဖြေ** **-** ချိတ်ဆက်အသုံးမပြုနိုင်ပါ။

မေး ၁၆ - **CASH ACCOUNT–Savings** အား မည်သည့် ဘဏ်ခွဲတွင်မဆို စာရင်းပိတ်သိမ်းနိုင်ပါသလား။

**ဖြေ** - စာရင်းများ ပိတ်သိမ်းရန်အတွက် CASH ACCOUNT – Savings ဖွင့်လှစ်ထားသည့် မူလဘဏ်ခွဲသို့ သွားရောက်ရမည် ဖြစ်ပါသည်။

မေး ၁၇ - **CASH ACCOUNT–Savings** အပ်ငွေစာရင်းများနှင့် KBZPay အား ချိတ်ဆက်အသုံးပြုနိုင်ပါသလား။

**ဖြေ** - ချိတ်ဆက်အသုံးမပြုနိုင်ပါ။

မေး ၁၈ - **CASH ACCOUNT–Savings** အတွက် Debit Card ဝန်ဆောင်မှုရှိပါသလား။

**ဖြေ** - မရှိပါ။

မေး ၁၉ - **CASH ACCOUNT–Savings** အပ်ငွေစာရင်း ဖွင့်လှစ်ခြင်းအတွက် လိုအပ်ချက်များမှာ သာမန်စာရင်းဖွင့်လှစ်ရာတွင် လိုအပ်သောအချက်များနှင့် ကွာခြားမှုရှိပါသလား။

**ဖြေ** - ကွာခြားမှုမရှိပါ။ **CASH ACCOUNT–Savings** အပ်ငွေစာရင်း ဖွင့်လှစ်ခြင်းအတွက် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများမှာ ပြောင်းလဲမှုမရှိပါ။

မေး ၂၀ - **CASH ACCOUNT–Savings** အပ်ငွေစာရင်း ဖွင့်လှစ်ရာတွင် ဝန်ဆောင်ခ ပေးရန်လိုအပ်ပါသလား။

**ဖြေ** - မလိုအပ်ပါ။

မေး ၂၁ - လက်ရှိ Savings အပ်ငွေစာရင်းအစား **CASH ACCOUNT–Savings** အသစ်ဖွင့်လိုပါက မည်သို့ဆောင်ရွက်ရမည်နည်း။

**ဖြေ** - လက်ရှိ Savings အပ်ငွေစာရင်းအား ဆက်လက်ဖွင့်လှစ်ထားရှိနိုင်ပြီး **CASH ACCOUNT–Savings** အသစ်ဖွင့်လှစ်လိုပါက Customer များသည် အဆိုပါအပ်ငွေစာရင်းအသစ်ကို နိုင်ငံတစ်ဝန်းရှိ ကမ္ဘောဇဘဏ်ခွဲတိုင်းတွင် Customer တစ်ဦးလျှင် အပ်ငွေစာရင်းတစ်ခုနှုန်းဖြင့် ဖွင့်လှစ်နိုင်ပါသည်။

မေး ၂၂ - **CASH ACCOUNT–Savings** ဖြင့်ပတ်သက်၍ မည်သို့စုံစမ်း မေးမြန်းနိုင်ပါသနည်း။

**ဖြေ** - မည်သည့်အသေးစိတ်အချက်အလက်များအတွက်မဆို Hotline No. 8555 (MPT မှလွဲ၍ မည်သည့် Operator မဆို) နှင့် 09951018555 (MPT Operator အတွက်သာ) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မေး၂၃ - ငွေသားပမာဏအမြောက်အများထုတ်ယူခြင်းအတွက် ကြိုတင်အသိပေး အကြောင်းကြားမှုပြုလုပ်ရန် လိုအပ်ပါသလား။

ဖြေ - လိုအပ်ပါသည်။ **CASH ACCOUNT–Savings** မှ ငွေသားအမြောက်အမြား ထုတ်ယူရန်အတွက် စာရင်းဖွင့်လှစ်ခဲ့သည့် ဘဏ်ခွဲက ပေးထားခဲ့သော ဖုန်းနံပါတ်များကို ဆက်သွယ်၍ ဖြစ်စေ Hotline No. 8555 (MPT မှလွဲ၍ မည်သည့် Operator မဆို) နှင့် 09951018555 (MPT Operator အတွက်သာ) သို့ ဆက်သွယ်၍ ဖြစ်စေ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မေး ၂၄ - **CASH ACCOUNT–Savings** အပ်ငွေစာရင်းမှ ငွေသားထုတ်ယူမည်ဆိုပါက မည်သို့ဆောင်ရွက်ရမည်နည်း။

**ဖြေ** - သတ်မှတ်ထားသော ကမ္ဘောဇဘဏ်ခွဲများတွင် ငွေသားထုတ်ယူခွင့်ပြုပါသည်။ သို့ရာတွင် ငွေပမာဏအမြောက်အမြား ထုတ်ယူရန် လိုအပ်ပါက စာရင်းဖွင့်လှစ်ခဲ့သည့်ဘဏ်ခွဲက ပေးထားခဲ့သော ဖုန်းနံပါတ်များကို ဆက်သွယ် ၍ဖြစ်စေ၊ Hotline No. 8555 (MPT မှလွဲ၍ မည်သည့် Operator မဆို) နှင့် 09951018555 (MPT Operator အတွက်သာ)သို့ ဆက်သွယ်၍ဖြစ်စေ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။